# ၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ။ *

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၂]

(၁၉၅၇ ခုနှစ် မတ်လ ၂၅ ရက် )

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်၊

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ၏ ပုဒ်မ ၂ အပိုဒ် (ခ)အစား၊ အောက်ပါကို အပိုဒ်(ခ)အဖြစ် ထည့်သွင်းရမည်။

"(ခ) 'အစိုးရအိမ်ဥပစာ' ဆိုသည်မှာ၊ နိုင်ငံတော်အစိုးရကဖြစ်စေ၊ ပြည်နယ်၏ တစ်စိတ်တစ်ဒေသအဖြစ် မဖွဲ့စည်းမပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေ အားလုံးတွင်ပြည်နယ်အစိုးရကဖြစ်စေ၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ကဖြစ်စေ၊ ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ကဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေအရ၊ နိုင်ငံတော်အစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့က၊ သို့တည်းမဟုတ် ကော်ပိုရေးရှင်းကဖြစ်စေ ပိုင်ဆိုင်သော၊ သို့တည်းမဟုတ် ငှားရမ်းယူထားသော၊ သို့တည်းမဟုတ် ခေတ္တသိမ်းယူထားသော၊ အိမ်ဥပစာကို ဆိုလိုသည်။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်။
(၁၉၅၇ ခုနှစ်၊ မတ်လ ၂၅ ရက်။)

အမိန့်အရ၊
ပါစိန်၊
သမ္မတ၏အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း ၁၊ ၁၉၅၇ ခုနှစ်၊ မတ်လ (၂၅)ရက်၊ စာမျက်နှာ - ၅၉၂။